Department of
**Education**

GOVERNMENT OF
WESTERN AUSTRALIA

Public education
**A world of opportunities**

| English | Burmese |
|---|---|
| Community Consultation<br>Cannington and Maddington area | လူမှုအသိုင်းအဝိုင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း<br>Cannington နှင့် Maddington ဧရိယာ |
| **Public schooling in the Cannington and Maddington area** | **Cannington နှင့် Maddington ဧရိယာတွင်ရှိသည့် အများပြည်သူပိုင် စာသင်ကျောင်းများအကြောင်း** |
| The State Government is undertaking community consultation with local parents, students and community members about schooling in the Cannington and Maddington area and possible changes to Cannington Community College, Sevenoaks Senior College, Cannington Community Education Support Centre, and Yule Brook College. | ပြည်နယ်အစိုးရအနေဖြင့် Cannington နှင့် Maddington ဧရိယာတွင် နေထိုင်သည့် မိဘများ၊ ကျောင်းသူ ကျောင်းသားများ၊ လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ဆောင်နေပြီး Cannington Community College Sevenoaks Senior College Cannington Community Education Support Centre နှင့် Yule Brook College များတွင် အပြောင်းအလဲလုပ်ဖို့ သင့်မသင့် ဆွေးနွေးခြင်း ဖြစ်ပါသည်။ |
| The Department of Education’s preferred model of secondary schooling is to, where possible, provide students with continuity of learning from Years 7 to 12 within a single school environment. | ပညာရေးဝန်ကြီးဌာနအနေဖြင့် အထက်တန်းကျောင်းစာ သင်ကြားရာတွင် ဖြစ်နိုင်ပါက ၇ တန်းမှ ၁၂ တန်းအထိ ကျောင်းသူ ကျောင်းသားများအား ကျောင်းတစ်ကျောင်းတွင်သာ ဆက်လက်စာသင်ကြားမှုလုပ်နိုင်စေမည့် ပုံစံအတိုင်းပြုလုပ်ရန် ဆန္ဒရှိပါသည်။ |

| At present: | လတ်တလောတွင် - |
|---|---|
| • Cannington Community College caters for students in Kindergarten to Year 10. Students then need to enrol at Sevenoaks Senior College or another school for Years 11 and 12.<br>• Sevenoaks Senior College caters for students in Years 11 and 12. The Big Picture Education Australia program is one of a range of programs offered at the College.<br>• The Cannington Community Education Support Centre caters for students in Years 7 to 12 across two sites. Students in Years 7 to 10 attend Cannington Community College and students in Years 11 and 12 attend Sevenoaks Senior College.<br>• Yule Brook College caters for students in Years 7 to 10. The College uses the Big Picture Education Australia program to provide individualised learning plans for students. Students then have the option to continue their learning at Sevenoaks Senior College for Years 11 and 12, either in Big Picture or other secondary courses. | • Cannington Community College အနေဖြင့် သူငယ်တန်းမှ ၁၀ တန်းကျောင်းသူ ကျောင်းသားများအတွက် စာသင်ကြားပေးနေပါသည်။ ၁၁ တန်းနှင့် ၁၂ တန်းအတွက် Sevenoaks Senior College သို့မဟုတ် တခြားကျောင်းတစ်ကျောင်းတွင် ကျောင်းတက်ဖို့ စာရင်းပေးသွင်းရပါသည်။<br>• Sevenoaks Senior College သည် ၁၁ တန်းနှင့် ၁၂ တန်း ကျောင်းသူ၊ ကျောင်းသားများကို လက်ခံသည့်ကျောင်း ဖြစ်ပါသည်။ ထိုကျောင်းတွင် The Big Picture Education Australia အစီအစဉ်အပါအဝင် တခြားအစီအစဉ်များကိုလည်း သင်ကြားပေးလျက်ရှိပါသည်။<br>• Cannington Community Education Support Centre သည် ၇ တန်းမှ ၁၂ တန်းအထိ ကျောင်းသူ ကျောင်းသားများအတွက် နေရာနှစ်ခုခွဲပြီး စာသင်ကြားပေးလျက်ရှိပါသည်။ ၇ တန်းမှ ၁၀ တန်းကျောင်းသူ ကျောင်းသားများမှာ Cannington Community College တွင် စာသင်ယူရပြီး ၁၁ တန်းနှင့် ၁၂ တန်း ကျောင်းသူ ကျောင်းသားများက Sevenoaks Senior College တွင် သင်ယူရပါသည်။<br>• Yule Brook College သည် ၇ တန်းမှ ၁၀ တန်း ကျောင်းသူ ကျောင်းသားများအတွက် ဖြစ်ပါသည်။ ထိုကျောင်းတွင်း Big Picture Education Australia အစီအစဉ်ကို အသုံးပြုပြီး ကျောင်းသား တစ်ဦးခြင်းစီအတွက် လေ့လာသင်ယူစရာများကို စီစဉ်ရေးဆွဲပေးပါသည်။ ထိုကျောင်းတွင် ကျောင်းပြီးသွားပါက ၁၁ တန်း နှင့် ၁၂ တန်း ကျောင်းစာအတွက် Sevenoaks Senior College တွင် တက်ရောက်နိုင်ပြီး Big Picture ဘာသာရပ် သို့မဟုတ် အခြားသော အထက်တန်းဘာသာရပ်များကို သင်ယူလေ့လာနိုင်ပါသည်။ |

| | |
|---|---|
| There are currently 1691 students between the four schools. | လတ်တလောတွင် ထိုစာသင်ကျောင်း လေးခုတွင် ကျောင်းသူ ကျောင်းသား စုစုပေါင်း ၁၆၉၁ ဦး ရှိပါသည်။ |
| The current structure of the schools has been a topic of discussion in the community. There are concerns about the requirement for students to change schools during their secondary education. | လက်ရှိကျောင်းဖွဲ့စည်းပုံသည် လူမှုအသိုင်းအဝိုင်းအတွင်း ဆွေးနွေးစရာ ခေါင်းစဉ်တစ်ခုဖြစ်နေပါသည်။ ကျောင်းသူ ကျောင်းသားများ အထက်တန်းကျောင်းအတွက် ကျောင်းပြောင်းရာတွင် လိုအပ်မည့် အရာများအတွက် စိုးရိမ်ပူပန်မှုများ ရှိနေပါသည်။ |
| There are a number of factors to consider, including: | ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာ တချို့ရှိပြီး ထိုအထဲတွင် - |
| • the number of students enrolled;<br>• resourcing schools to maximise student learning; and<br>• continuity and consistency in learning and student support. | • ကျောင်းအပ်ထားသည့် ကျောင်းသားအရေအတွက်<br>• ကျောင်းသားများ တတ်စွမ်းသလောက် လေ့လာဖို့အတွက် ထားရှိပေးထားသည့် စာသင်ကျောင်းအရင်းအမြစ်များ<br>• ကျောင်းဆက်တက်နိုင်ရေး၊ တစ်သမတ်တည်းဖြစ်ရေးနှင့် ကျောင်းသားများအတွက် ပံ့ပိုးရေးတို့ ပါဝင်ပါသည်။ |

| | |
|---|---|
| Local community members are invited to have their say through an online survey, where they can select one of the following options: | ဒေသခံ<br>လူမှုအသင်းအဖွဲ့ဝင်များအနေဖြင့် အောက်ပါ ရွေးချယ်စရာတစ်ခုအား ရွေးချယ်ခြင်းအားဖြင့် စစ်တမ်းမှာ ပါဝင်ဖြေဆိုဖို့ ဖိတ်ခေါ်အပ်ပါသည်။ |
| Option 1 | ရွေးချယ်မှု ၁ |
| • Yule Brook College extends to enrol Years 11 and 12 students in the Big Picture Education Australia program only.<br>• Cannington Community College becomes a Kindergarten to Year 6 primary school.<br>• Sevenoaks Senior College extends to Years 7 to 12.<br>• Cannington Community Education Support Centre offers Years 7 to 12 on the Sevenoaks Senior College site. | • Yule Brook College ကျောင်းတွင် Big Picture Education Australia အစီအစဉ်တွင် ပါဝင်သည့် ကျောင်းသူ ကျောင်းသားများအတွက် ၁၁ တန်းနှင့် ၁၂ တန်း အထိ တိုးချဲ့ပေးခြင်း။<br>• Cannington Community College အား သူငယ်တန်းမှ ၆ တန်းအထိ သင်ကြားပေးသည့် မူလတန်းကျောင်းသို့ ပြောင်းလဲခြင်း။<br>• Sevenoaks Senior College အား ၇ တန်းမှ ၁၂ တန်းအထိ တိုးချဲ့ပေးခြင်း<br>• Sevenoaks Senior College ကျောင်းဝန်း၌ Cannington Community Education Support Centre မှ ၇ တန်း မှ ၁၂ တန်းအထိ သင်ကြားပေးခြင်း။ |
| Option 2 | ရွေးချယ်မှု ၂ |
| • Yule Brook College extends to enrol Years 11 and 12 students in the Big Picture program only.<br>• Amalgamate Cannington Community College and Sevenoaks Senior College and offer Kindergarten to Year 12 across two sites.<br>• Cannington Community Education Support Centre offers Years 7 to 12 on one site. | • Yule Brook College ကျောင်း၌ Big Picture အစီအစဉ်တွင် ပါဝင်သည့် ကျောင်းသူ ကျောင်းသားများအတွက်သာ ၁၁ တန်းနှင့် ၁၂ တန်း အထိ တိုးချဲ့ပေးခြင်း။<br>• Cannington Community College နှင့် Sevenoaks Senior College တို့အား ပူးပေါင်းလိုက်ပြီး နေရာနှစ်ခုတွင် သူငယ်တန်းမှ ၁၂ တန်းအထိ တိုးချဲ့ပေးခြင်း။<br>• Cannington Community Education Support Centre မှ ကျောင်းဝန်းတစ်ခုတည်းတွင်း ၇ တန်းမှ ၁၂ တန်းအထိ စာသင်ကြားပေးခြင်း။ |

| | |
|---|---|
| Q. Is the number of students in a school important? | မေး - စာသင်ကျောင်းတစ်ကျောင်းမှာ ကျောင်းသားဦးရေက အရေးကြီးပါသလား။ |
| A. Schools of all sizes can be successful. As enrolments grow, a school increases its capacity and resource flexibility to offer wider educational opportunities and a broader range of specialised programs for students. | ဖြေ - ဘယ်အရွယ်အစား<br>စာသင်ကျောင်းမဆို အောင်မြင်မှုရနိုင်ပါတယ်။ ကျောင်းအပ်သူ အရေအတွက်<br>များလာတာနဲ့အမျှ<br>စာသင်ကျောင်းကလည်း ကျောင်းသားတွေအတွက် နေရာတိုးချဲ့ပေးတာတွေ၊<br>ကျယ်ပြန့်တဲ့ ပညာရေးအခွင့်အလမ်းတွေနဲ့ ကျယ်ပြန့်တဲ့<br>အထူးပြုအစီအစဉ်တွေလုပ်ဆောင်ပေးခြင်းစတဲ့<br>သင်ကြားရေးအရင်းအမြစ်မှာ ပြုလွယ်ပြင်လွယ်မှု ရှိအောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ |
| The total enrolments as at Wednesday, 19 August 2020 for each school are: | ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့<br>စာရင်းအရ ကျောင်းတစ်ကျောင်းခြင်းစီအလိုက် ကျောင်းအပ်ထားသူ<br>အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ |

| School | Years | Total enrolments |
|---|---|---|
| Cannington Community College | သူငယ်တန်းမှ ၁၀ တန်း | 761 |
| Sevenoaks Senior College | ၁၁ တန်းနှင့် ၁၂ တန်း | 493 |
| Yule Brook College | ၇ တန်းမှ ၁၀ တန်း | 317 |
| Cannington Community Education Support Centre | Cannington Community College တွင် ၇ တန်းမှ ၁၀ တန်းအထိ နှင့်<br>Sevenoaks Senior College တွင် ၁၁ တန်းမှ ၁၂ တန်းအထိ | 120 |

| | |
|---|---|
| Q. What is the preferred model of primary schooling? | မေး - မူလတန်းကျောင်းအတွက် ပညာရေးပုံစံက ဘယ်လိုဖြစ်မလဲ။ |
| A. The preferred model of primary schooling in Western Australian public schools is Kindergarten to Year 6 in one school. Currently, Cannington Community College students go through to Year 10 at their school. | ဖြေ - Western Australia ပြည်နယ်အနေနဲ့ ကြိုက်နှစ်သက်တဲ့ ပြည်သူပိုင် မူလတန်းကျောင်းဆိုတာ သူငယ်တန်းကနေ ၆ တန်းအထိ ရှိတဲ့ ကျောင်းမျိုးဖြစ်ပါတယ်။ အခုလောလောဆယ် Cannington Community College က ကျောင်းသားတွေကတော့ သူတို့ရဲ့ ကျောင်းမှာပဲ ၁၀ တန်းအထိ ပညာသင်ယူနိုင်ကြပါတယ်။ |
| Q. What is the preferred model of secondary schooling? | မေး - အထက်တန်းကျောင်းအတွက် ပညာရေးပုံစံက ဘယ်လို ဖြစ်မလဲ။ |
| A. The preferred model of secondary schooling is to, where possible, provide students with seamless Years 7 to 12 secondary schooling in one school. A secondary school with around 1200 students can provide the necessary breadth and depth of curriculum throughout the secondary school years. | ဖြေ - အထက်တန်းကျောင်းအတွက် ပညာရေးပုံစံကတော့ ဖြစ်နိုင်ရင် ၇ တန်းကနေ ၁၂ တန်းအထိ စာသင်ကျောင်းတစ်ကျောင်းတည်းမှာပဲ ဆက်လက် စာသင်ယူနိုင်ရေးပုံစံ ဖြစ်ပါတယ်။ ကျောင်းသားဦးရေ ၁၂၀၀ လောက်ရှိတဲ့ အထက်တန်းကျောင်းတွေမှာ လိုအပ်တဲ့ သင်ရိုးညွှန်းတမ်း ကျယ်ပြန့်မှုနဲ့ အတိမ်အနက်တွေကို အထက်တန်း ပညာရေးတလျှောက်မှာ ထားရှိပေးနိုင်ပါတယ်။ |
| Q. Who will be consulted as part of the community consultation process? | မေး - လူမှုအသိုင်းအဝိုင်းများနှင့် ပြောဆိုဆွေးနွေးခြင်းလို့ ဆိုရာမှာ ဘယ်သူတွေနဲ့ ပြောဆိုဆွေးနွေးဖို့ ရှိပါသလဲ။ |
| A. Parents/carers, students and community members in the Cannington and Maddington area are invited to have their views heard by providing feedback through an online survey. The survey is also available to interest groups, students and other stakeholders. | ဖြေ - Cannington နဲ့ Maddington ဧရိယာအတွင်းနေထိုင်ကြတဲ့ မိဘ၊ အုပ်ထိန်းသူတွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ လူမှုအသင်းအဖွဲ့ဝင်တွေကို ဖိတ်ခေါ်ပြီး အွန်လိုင်းစစ်တမ်းကနေတဆင့် မိမိရဲ့ အမြင်သဘောထားတွေကို တင်ပြနိုင်ပါတယ်။ အဆိုပါ စစ်တမ်းဟာ စိတ်ဝင်စားသူများအုပ်စု၊ ကျောင်းသူ ကျောင်းသားတွေနဲ့ အခြားသက်ဆိုင်တဲ့ အုပ်စုတွေပါဝင် ဖြေဆိုနိုင်ဖို့ လုပ်ဆောင်ထားပါတယ်။ |

| | |
|---|---|
| Q. How can I be involved in the consultation process? | မေး - ပြောဆိုဆွေးနွေးခြင်းမှာ ကျနော်၊ ကျမအနေနဲ့ ဘယ်လို ပါဝင်နိုင်မလဲ။ |
| A. The consultation process will take eight weeks. Initially, you can be involved by providing feedback through a short survey. Your responses are anonymous and will be collated with other responses for analysis. The survey is online at education.wa.edu.au and is open for three weeks from 9.00am on Wednesday 26 August 2020 and will close at 5.00pm on Tuesday 15 September 2020. | ဖြေ - ဆွေးနွေးတိုင်ပင်ခြင်းကာလက ၈ ပတ်ကြာမြင့်မှာ ဖြစ်ပါတယ်။ ကနဦးမှာ သင့်အနေနဲ့ စစ်တမ်းတိုမှာ ပါဝင်ဖြေဆိုခြင်းအားဖြင့် ပါဝင်နိုင်ပါတယ်။ ဘယ်သူဘယ်ဝါက ဖြေဆိုထားသလဲ ဆိုတာကို ဖော်ပြမှာမဟုတ်ပဲ ဖြေဆိုချက်တွေကို စုစည်းပြီး စိစစ်စိတ်ဖြာလေ့လာမှုတွေ ပြုလုပ်မှာ ဖြစ်ပါတယ်။ စစ်တမ်းကို အွန်လိုင်းကနေတဆင့် education.wa.edu.au မှာ ဖြေဆိုနိုင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက် ဗုဒ္ဓဟူးနေ့ မနက် ၉ နာရီကနေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက် အင်္ဂါနေ့ ညနေ ၅ နာရီအထိ စစ်တမ်းဖြေဆိုဖို့ ဖွင့်ပေးထားပါတယ်။ |
| If you do not have access to the internet, you are welcome to visit your local school during school hours for assistance. Please contact your local school to arrange a suitable time. | သင့်မှာ အင်တာနက်မရှိရင် ကျောင်းဖွင့်ချိန်အတွင်း သင့်ဒေသအတွင်းက စာသင်ကျောင်းတစ်ခုကို သွားပြီး အကူအညီတောင်းခံနိုင်ပါတယ်။ သင့်တော်မယ့်အချိန်ကို စီစဉ်ဖို့အတွက် အဲဒီစာသင်ကျောင်းကို အရင်ဆက်သွယ်ဖို့ မေတ္တာရပ်ခံလိုပါတယ်။ |
| The outcomes of the consultation process will help inform any decisions by the State Government about public schooling in the Cannington and Maddington area. | ဆွေးနွေးတိုင်ပင်မှုကနေ ရလာတဲ့ ရလဒ်တွေက Cannington နဲ့ Maddington ဧရိယာအတွင်းရှိ ပြည်သူပိုင်ကျောင်းကိစ္စကို ပြည်နယ်အစိုးရအနေနဲ့ ဆုံးဖြတ်ချက် ချရာမှာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ |

| | |
|---|---|
| Q. Can I attend a forum? | မေး - ဖိုရမ်ဆွေးနွေးပွဲတွေကို ကျနော် ကျမအနေနဲ့ တက်ရောက်ခွင့် ရှိပါသလား။ |
| A. Yes, there are three community forums being held: | ဖြေ - ရှိပါတယ်။ အောက်ပါ နေရာမှာ ကွန်မြူနီတီ ဖိုရမ် ၃ ခု စီစဉ်ထားတာရှိပါတယ်။ |
| • Sevenoaks Senior College and Cannington Community Education Support Centre school communities - Wednesday 26 August 2020 from 6.00pm to 7.00pm at Sevenoaks Senior College lecture theatre, 275 Sevenoaks Street, Cannington. Register at Sevenoaks.sc.parentinfo@education.wa.edu.au.<br>• Cannington Community College - Tuesday 1 September 2020 from 6.00pm to 7.00pm at Cannington Community College library, 147 Wharf Street, Cannington. Register at Cannington.cc@education.wa.edu.au.<br>• Yule Brook College – Wednesday 2 September 2020 from 6.00pm to 7.00pm at Yule Brook College performing arts theatre, 61 Dellar Road, Maddington. Register at Yulebrook.col@education.wa.edu.au. | • Sevenoaks Senior College နဲ့ Cannington Community Education Support Centre ကျောင်းအသိုင်းအဝိုင်းအတွက် ဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီကနေ ၇ နာရီအထိ Sevenoaks Senior College ရဲ့ စာပို့ချရေးခန်းမမှာ ပြုလုပ်ဖို့ရှိပြီး လိပ်စာက 275 Sevenoaks Street, Cannington ဖြစ်ပြီးတော့ Sevenoaks.sc.parentinfo@education.wa.edu.au မှာ စာရင်းပေးသွင်းနိုင်ပါတယ်။<br>• Cannington Community College  အတွက် ဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက် အင်္ဂါနေ့ ညနေ ၆ နာရီကနေ ၇ နာရီအထိ Cannington Community College ရဲ့ စာကြည့်တိုက်မှာ ပြုလုပ်ဖို့ရှိပြီး လိပ်စာက 147 Wharf Street, Cannington  ဖြစ်ပြီးတော့ Cannington.cc@education.wa.edu.au မှာ စာရင်းပေးသွင်းနိုင်ပါတယ်။<br>• Yule Brook College အတွက် ဆွေးနွေးပွဲကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီကနေ ၇ နာရီအထိ Yule Brook College ရဲ့ အနုပညာခန်းမမှာ ပြုလုပ်ဖို့ရှိပြီး လိပ်စာက 61 Dellar Road, Maddington ဖြစ်ပြီးတော့ Yulebrook.col@education.wa.edu.au မှာ စာရင်းပေးသွင်းနိုင်ပါတယ်။ |
| Physical distancing measures will apply at the community forums. | ဆွေးနွေးပွဲမှာ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေထိုင်ခြင်း Physical Distancing သတ်မှတ်ချက်ကို လိုက်နာရမှာ ဖြစ်ပါတယ်။ |

| | |
|---|---|
| Q. What is being considered in this consultation process? | မေး - ဒီဆွေးနွေးတိုင်ပင်ခြင်း ဖြစ်စဉ်အတွက် ဘယ်အရာတွေကို ထည့်သွင်းစဉ်းစားထားပါသလဲ။ |
| A. There are a number of factors to consider throughout this process, including the size of schools, number of students enrolled, range of courses and subjects that students can study, and pastoral care programs and support services for students. | ဖြေ - ဒီဖြစ်စဉ်အတွင်း ထည့်သွင်းစဉ်းစားရမယ့် အကြောင်းအချက်တချို့ရှိပြီး အဲဒီအထဲမှာ စာသင်ကျောင်းတွေရဲ့ အရွယ်အစား၊ ကျောင်းသားဦးရေ၊ ကျောင်းသားတွေ လေ့လာဖို့ သင်ရိုးနဲ့ ဘာသာရပ်တွေ ထားရှိပေးခြင်း၊ လူမှုရေးထိန်းကျောင်းမှု ဝတ္တရားနဲ့ ပတ်သက်တဲ့ သွန်သင်ချက်တွေနဲ့ ကျောင်းသူ ကျောင်းသားများအတွက် ပံ့ပိုးခြင်း ဝန်ဆောင်မှုတို့ ပါဝင်ပါတယ်။ |
| Q. Will any changes disrupt students already enrolled at the schools? | မေး - အပြောင်းအလဲတွေက ကျောင်းတက်နေတဲ့ ကျောင်းသူ ကျောင်းသားတွေ အတွက် အနှောင့်အယှက် ဖြစ်နိုင်မလား။ |
| A. High quality education is the main focus in managing any change to public schooling. The Department of Education works closely with school leaders and others whenever changes are made to schools to ensure they do not impact on student learning and wellbeing. | ဖြေ - ပြည်သူပိုင်ကျောင်းမှာ အပြောင်းအလဲလုပ်တဲ့အခါ အရည်အသွေးမြင့်တဲ့ ပညာရေးကို အဓိကထားပြီး စီမံခန့်ခွဲလေ့ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနကနေ စာသင်ကျောင်းတွေမှာ အပြောင်းအလဲ လုပ်ရမယ့်အခါတိုင်း ကျောင်းသူ ကျောင်းသားတွေအပေါ် သက်ရောက်မှုမရှိအောင်၊ ကျန်းမာပျော်ရွှင်မှုကို မထိခိုက်အောင် ကျောင်းခေါင်းဆောင်တွေနဲ့ အနီးကပ် ပူးပေါင်း ဆောင်ရွက်လျက် ရှိပါတယ်။ |
| Q. Will there be any changes to school local-intake areas? | မေး - ကျောင်းရဲ့ ဇရိယာအတွင်း လူတွေကို လက်ခံတဲ့ နေရာမှာ အပြောင်းအလဲ ရှိမှာလား။ |
| A. This depends on any decision by the State Government following the consultation process. | ဖြေ - အဲဒါကတော့ တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ပြီးတဲ့နောက်ပိုင်း ပြည်နယ်အစိုးရရဲ့ ဆုံးဖြတ်ချက်အပေါ်မှာသာ မူတည်ပါတယ်။ |

| | |
|---|---|
| Q. Is funding allocated to implement outcomes of the consultation? | မေး - ဆွေးနွေးတိုင်ပင်မှုတွေကနေ ထွက်လာတဲ့ ရလဒ်တွေကို အကောင်အထည်ဖော်ဖို့အတွက် ရံပုံငွေ ရာထားတာမျိုး ရှိလား။ |
| A. Any decision by the State Government about changes to public schooling in the Cannington and Maddington area will need to be properly costed and appropriate funding allocated. This also applies to any building requirements. | ဖြေ - Cannington နဲ့ Maddington ဧရိယာအတွင်းက ပြည်သူပိုင် စာသင်ကျောင်းတွေမှာ အပြောင်းအလဲ လုပ်ဖို့ ပြည်နယ်အစိုးရက ဆုံးဖြတ်တဲ့အခါတိုင်း ကုန်ကျစရိတ်တွေကို ကောင်းမွန်စွာ တွက်ချက်ရပြီး သင့်တော်တဲ့ ရံပုံငွေတွေကိုလည်း ရာထားရပါတယ်။ အဆောက်အဦး အားလုံးအတွက် လိုအပ်ချက်က အလားတူပဲ ဖြစ်ပါတယ်။ |
| Q. What will happen to the information gathered as part of the consultation process? | မေး - ဆွေးနွေးတိုင်ပင်မှုကနေ ရရှိလာတဲ့ အချက်အလက်တွေက ဘယ်လို လုပ်ဆောင်ဖို့ ရှိလဲ။ |
| A. Outcomes of the consultation process will help inform any decisions by the State Government about public schooling in the Cannington and Maddington area. | ဖြေ - ဆွေးနွေးတိုင်ပင်မှုကနေ ရရှိလာတဲ့ အချက်အလက်တွေဟာ Cannington နဲ့ Maddington ဧရိယာအတွင်းက ပြည်သူပိုင် ကျောင်းတွေနဲ့ ပတ်သက်ပြီး ပြည်နယ်အစိုးရအနေနဲ့ ဆုံးဖြတ်ချက် ချတဲ့အခါမှာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။ |
| Q. When will a decision be made? | မေး - ဘယ်အချိန်မှာ ဆုံးဖြတ်ချက် ချမှတ်မလဲ။ |
| A. The Minister for Education and Training will inform the community when a decision is made. | ဖြေ - Minister for Education and Training ကနေ ဘယ်အချိန်မှာ ဆုံးဖြတ်ချက် ချမလဲ ဆိုတာကို အသိပေးလာမှာ ဖြစ်ပါတယ်။ |

| | |
|---|---|
| *Additional information added Tuesday 8 September 2020:* | ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက် အင်္ဂါနေ့တွင် ထပ်မံ ထည့်သွင်းထားသည့် အချက်အလက်များ - |
| Q. Why is there no option for no change? | မေး - အပြောင်းအလဲ မလုပ်ဖို့အတွက် ရွေးချယ်မှုကို ဘာလို့ မပေးထားတာလဲ။ |
| A. The State Government wants to know which of the two options the community would prefer if changes were to be made to schooling in the Cannington and Maddington area, so the option of no change has not been included. | ဖြေ - Cannington နဲ့ Maddington ဧရိယာအတွင်းမှာရှိတဲ့ စာသင်ကျောင်းတွေကို အပြောင်းအလဲလုပ်တဲ့အခါ ရွေးချယ်မှု ၂ ခုထဲကနေ လူတွေက ဘယ်တစ်ခုကို ရွေးချယ်ကြမလဲ ဆိုတာကိုသာ ပြည်နယ်အစိုးရက သိလိုတဲ့အတွက်ကြောင့် အပြောင်းအလဲ မလုပ်လိုဘူးဆိုတဲ့ ရွေးချယ်မှုကို မပေးထားခြင်း ဖြစ်ပါတယ်။ |
| Q. What is the timeframe for any changes to take place once a decision is made? | မေး - ဆုံးဖြတ်ချက် ချပြီ ဆိုတာနဲ့ ဘယ်အချိန်လောက်မှာ အပြောင်းအလဲတွေကို စတင်မယ်လို့ ရည်ရွယ်ထားပါသလဲ။ |
| A. Should the State Government decide to change schooling in Cannington and Maddington area, a lot of planning would need to be done. This includes any changes to the buildings and establishment of the new schools, including staffing. There is no timeframe as yet. | ဖြေ - Cannington နဲ့ Maddington ဧရိယာအတွင်းက စာသင်ကျောင်းတွေမှာ အပြောင်းအလဲလုပ်ဖို့ ပြည်နယ်အစိုးရက ဆုံးဖြတ်ပြီဆိုတာနဲ့ အစီအစဉ် ရေးဆွဲမှုတွေ အများအပြား ပြုလုပ်ဖို့ လိုအပ်ပါတယ်။ အဲဒီအထဲမှာ အဆောက်အဦးတွေကို ပြောင်းလဲဖို့အတွက်၊ စာသင်ကျောင်း အသစ် တည်ဆောက်ဖို့အတွက်နဲ့ ကျောင်းအမှုထမ်းတွေအတွက် အစီအစဉ်တွေကိုပါ ရေးဆွဲရမှာ ဖြစ်ပါတယ်။ ဘယ်အချိန်မှာ အပြောင်းအလဲ စတင်မလဲ ဆိုတာကို သတ်မှတ်ထားတာ မရှိသေးပါဘူး။ |

| | |
|---|---|
| Q. Will staff at any of the schools lose their jobs? | မေး - အဲဒီစာသင်ကျောင်းတွေက အမှုထမ်းတွေ အလုပ်ပြုတ်သွားမယ့် အနေအထား ရှိပါသလား။ |
| A. All permanent staff are employees of the Department of Education and are guaranteed continuity of employment. All fixed term contracts will be honoured. | ဖြေ - Department of Education ရဲ့ အမြဲတမ်း အမှုထမ်းအဖြစ် အလုပ်ခန့် ခံထားရသူ မှန်သမျှ အလုပ်ဆက် ရမယ်လို့ အာမခံပါတယ်။ သက်တမ်းနဲ့ စာချုပ်ချုပ်ဆိုထားသူတွေ အတွက်လည်း စာချုပ်ပါ အချက်အလက်အတိုင်း ဆက်လက် လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ |
| Q. Is it possible for a third option which would see Yule Brook College extend to Years 11 and 12, and no changes happen at Cannington Community College, Cannington Community Education Support Centre and Sevenoaks Senior College? | မေး - တတိယမြောက် ရွေးချယ်စရာအနေနဲ့ Yule Brook College ကို ၁၁ တန်းနဲ့ ၁၂ တန်းအထိ တိုးချဲ့ပေးလိုက်ပြီး Cannington Community College Cannington Community Education Support Centre နဲ့ Sevenoaks Senior College မှာ ဘာအပြောင်းအလဲမှ မလုပ်တာမျိုး ဖြစ်လာနိုင်မလား။ |
| A. That is not one of the options proposed, but if the survey shows that the community would like this option to be considered, the State Government would take that into consideration. | ဖြေ - အဲဒီလို ရွေးချယ်မှုကို တင်ပြလာတာ မရှိပါဘူး။ ဒါပေမဲ့ စစ်တမ်းထဲမှာ လူမှုအသိုင်းအဝိုင်းတွေက အဲဒီလို ရွေးချယ်မှုကို လိုလာကြောင်း ပြသခဲ့မယ်ဆိုရင် ပြည်နယ်အစိုးရအနေနဲ့ အဲဒီ ရွေးချယ်မှုကိုလည်း ထည့်သွင်းစဉ်းစားပေးမှာ ဖြစ်ပါတယ်။ |
| Q. Will any changes be made to the catchment areas? | မေး - ကျောင်းအနီးနား ဇရိယာအတွင်းမှာ နေထိုင်တဲ့ ကျောင်းသူ ကျောင်းသားတွေကို လက်ခံမယ့် နေရာမှာ အပြောင်းအလဲ ရှိမလား။ |
| A. Changes to local intake areas could be made to accommodate the needs of all students. | ဖြေ - ကျောင်းသူ ကျောင်းသား အားလုံးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ကျောင်းအနီးနား ဇရိယာအတွင်းမှာ နေထိုင်တဲ့ ကျောင်းသူ ကျောင်းသားကို လက်ခံမယ့် ကိစ္စမှာ အပြောင်းအလဲ လုပ်နိုင်ပါတယ်။ |

| | |
|---|---|
| Q. What capital works will be required? | မေး - ဘယ်လို နေရာသစ်၊ အဆောက်အဦးသစ်တွေ လုပ်ဖို့ လိုအပ်မလဲ။ |
| A. The capital works requirements will be determined when the State Government makes a decision about the model of schooling to be implemented. | ဖြေ - အစိုးရအနေနဲ့ ဘယ်လို စာသင်ကျောင်း ပုံစံကို တည်ဆောက်မလဲလို့ ဆုံးဖြတ်ချက် ချပြီးတဲ့အခါမှသာ နေရာသစ်၊ အဆောက်အဦးအသစ်အတွက် လိုအပ်ချက်တွေကို ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ |
| Q. One of the benefits of Sevenoaks Senior College is the adult style education. How will that change if Years 7 to 10 are added? | မေး - Sevenoaks Senior College ရဲ့ အားသာချက် တစ်ခုကတော့ လူကြီးစတိုင်လ် ပညာရေး ဖြစ်ပါတယ်။ အဲဒီမှာ ၇ တန်းကနေ ၁၀ တန်း ကျောင်းသားတွေကို ထည့်လိုက်ရင် ဘယ်လို အပြောင်းအလဲ ဖြစ်သွားမလဲ။ |
| A. All secondary schools recognise the needs of young adult learners and make special provision for them. This includes privileges not available to younger students. | ဖြေ - အထက်တန်းကျောင်းတိုင်းဟာ လူကြီးပေါက်စဖြစ်နေတဲ့ လေ့လာသူတွေအတွက် အထူးပြဋ္ဌာန်းချက်တွေ လုပ်ဆောင်ပေးထားတာ ရှိပါတယ်။ အဲဒီအထဲမှာ ကျောင်းသားငယ်တွေ မရနိုင်တဲ့ အထူးအခွင့်အရေးတွေ ပါဝင်ပါတယ်။ |

| **2017 retention data** | **၂၀၁၇ ခုနှစ် ဒေတာထိန်းသိမ်းမှု** |
| --- | --- |
| **Yule Brook College** | **Yule Brook College** |
| • 39.3% (22 out of 56) of 2017 Year 10 students from Yule Brook College enrolled in Year 12 at Sevenoaks Senior College.<br>• 14.3% (8 out of 56) of 2017 Year 10 students from Yule Brook College enrolled in Year 12 at public schools other than Sevenoaks Senior College.<br>• 19.6% (11 out of 56) of 2017 Year 10 students from Yule Brook College have no enrolment in a public school after Year 10. | • Yule Brook College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၃၉.၃% (၅၆ ဦးထဲမှ ၂၂ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မှာ ကျောင်းအပ်နှံခဲ့ကြပါတယ်။<br>• Yule Brook College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၄.၃% (၅၆ ဦးထဲမှ ၈ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မဟုတ်တဲ့ တခြား ပြည်သူပိုင်ကျောင်းတွေမှာ တက်ရောက်ဖို့ ကျောင်းအပ်ခဲ့ကြပါတယ်။<br>• Yule Brook College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၉.၆% (၅၆ ဦးထဲမှ ၁၁ ဦး) ဟာ ၁၀ တန်း ကျောင်းပြီးတဲ့နောက် ပြည်သူပိုင်ကျောင်းမှာ ကျောင်းအပ်နှံမှု မလုပ်ခဲ့ကြပါဘူး။ |
| **Cannington Community College** | **Cannington Community College** |
| • 63.4% (78 out of 123) of 2017 Year 10 students from Cannington Community College enrolled in Year 12 at Sevenoaks Senior College.<br>• 5.7% (7 out of 123) of 2017 Year 10 students from Cannington Community College enrolled in Year 12 at public schools other than Sevenoaks Senior College. | • Cannington Community College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၆၃.၄% (၁၂၃ ဦးထဲမှ ၇၈ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မှာ ကျောင်းအပ်နှံခဲ့ကြပါတယ်။<br>• Cannington Community College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၅.၇% (၁၂၃ ဦးထဲမှ ၇ ဦး) ဟာ ၁၂ တန်း အတွက် Sevenoaks Senior College မဟုတ်တဲ့ တခြား ပြည်သူပိုင်ကျောင်းတွေမှာ တက်ရောက်ဖို့ ကျောင်းအပ်ခဲ့ကြပါတယ်။ |

| | |
|---|---|
| • 12.2% (15 out of 123) of 2017 Year 10 students from Cannington Community College have no enrolment in a public school after Year 10. | • Cannington Community College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၂.၂% (၁၂၃ ဦးထဲမှ ၁၅ ဦး) ဟာ ၁၀ တန်းပြီးတဲ့နောက် ပြည်သူပိုင်ကျောင်းမှာ ကျောင်းအပ်နှံမှု မလုပ်ခဲ့ကြပါဘူး။ |
| **Yule Brook College and Cannington Community College** | **Yule Brook College နဲ့ Cannington Community College** |
| • 55.9% (100 out of 179) of total 2017 Year 10 students from Yule Brook College or Cannington Community College completed Year 12 at Sevenoaks Senior College. | • Yule Brook College ဒါမှမဟုတ် Cannington Community College မှ ၂၀၁၇ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၅၅.၉ % (၁၇၉ ဦးထဲမှ ၁၀၀) ဟာ Sevenoaks Senior College မှာ ၁၂ တန်း ပြီးဆုံးအောင် တက်ရောက်ခဲ့ကြပါတယ်။ |
| **2018 retention data** | **၂၀၁၈ ခုနှစ် ဒေတာ ထိန်းသိမ်းမှု** |
| **Yule Brook College** | **Yule Brook College** |
| • 45.6% (31 out of 68) of 2018 Year 10 students from Yule Brook College enrolled in Year 12 at Sevenoaks Senior College.<br>• 11.8% (8 out of 68) of 2018 Year 10 students from Yule Brook College enrolled in Year 12 at public schools other than Sevenoaks Senior College.<br>• 14.7% (10 out of 68) of 2018 Year 10 students from Yule Brook College have no enrolment in a public school after Year 10. | • Yule Brook College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၄၅.၆% (၆၈ ဦးထဲမှ ၃၁ ဦး) ဟာ ၁၂ တန်းကျောင်းအတွက် Sevenoaks Senior College မှာ ကျောင်းအပ်နှံခဲ့ကြပါတယ်။<br>• Yule Brook College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၁.၈% (၆၈ ဦးထဲမှ ၈ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မဟုတ်တဲ့ တခြား ပြည်သူပိုင် ကျောင်းတွေမှာ ကျောင်းအပ်ခဲ့ကြပါတယ်။<br>• Yule Brook College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၄.၇% (၆၈ ဦးထဲမှ ၁၀ ဦး) ဟာ ၁၀ တန်း ပြီးတဲ့နောက် ပြည်သူပိုင်ကျောင်းမှာ ကျောင်းအပ်နှံမှု မလုပ်ခဲ့ကြပါဘူး။ |

| **Cannington Community College** | **Cannington Community College** |
|---|---|
| • 62.7% (74 out of 118) of 2018 Year 10 students from Cannington Community College enrolled in Year 12 at Sevenoaks Senior College.<br>• 11.0% (13 out of 118) of 2018 Year 10 students from Cannington Community College enrolled in Year 12 at public schools other than Sevenoaks Senior College.<br>• 4.2% (5 out of 118) of 2018 Year 10 students from Cannington Community College have no enrolment in a public school after Year 10. | • Cannington Community College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၆၂.၇% (၁၁၈ ဦးထဲမှ ၇၄ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မှာ ကျောင်းအပ်ခဲ့ကြပါတယ်။<br>• Cannington Community College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၁၁.၀% (၁၁၈ ဦးထဲမှ ၁၃ ဦး) ဟာ ၁၂ တန်းအတွက်   Sevenoaks Senior College မဟုတ်တဲ့ တခြား ပြည်သူပိုင်ကျောင်းတွေမှာ ကျောင်းအပ်ခဲ့ကြပါတယ်။<br>• Cannington Community College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၄.၂% (၁၁၈ ဦးထဲမှ ၅ ဦး) ဟာ ၁၀ တန်း ပြီးတဲ့နောက် ပြည်သူပိုင်ကျောင်းမှာ ကျောင်းအပ်နှံမှု မလုပ်ခဲ့ကြပါဘူး။ |
| **Yule Brook College and Cannington Community College** | **Yule Brook College နဲ့ Cannington Community College** |
| • 56.5% (105 out of 186) of total 2018 Year 10 students from Yule Brook College or Cannington Community College completed Year 12 at Sevenoaks Senior College. | • Yule Brook College ဒါမှမဟုတ် Cannington Community College မှ ၂၀၁၈ ခုနှစ် ၁၀ တန်း ကျောင်းသူ ကျောင်းသား ၅၆.၅% (၁၈၆ ဦးထဲမှ ၁၀၅ ဦး) ဟာ ၁၂ တန်းအတွက် Sevenoaks Senior College မှာ ၁၂ တန်း ပြီးအောင် တက်ရောက်ခဲ့ကြပါတယ်။ |